# မီးယပ်ဖြူရောဂါအကြောင်းလေ့လာတင်ပြခြင်း



စာတမ်းတင်သွင်းသူ– ဦးစန်းကိုကို၊ ဒေါ်လှဲ့လှဲ့ဖြူ၊ ဒေါ်စန္ဒာဝင်း၊
ဒေါ်ဝင်းဝင်းမိုး၊ဒေါ်မေသဇင်၊ ဒေါ်ထူးထူးအောင်

လိပ်စာ– ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ မြစ်ကြီးနားမြို့၊
ကချင်ပြည်နယ်

# မာတိကာ


- ၁။ နိဒါန်း
- ၂။ ရည်ရွယ်ချက်
- ၃။ ဖြစ်ကြောင်းနိဒါန်း
- ၄။ တွေ့ရှိရသောလက္ခဏာများ
- ၅။ အသုံးပြုသည့် ဝတ္ထုပစ္စည်း၊ လူနှင့် ပြုလုပ်ဆောင်ရွက်ပုံ
- ၆။ ကုထုံးစဉ်
- ၇။ တွေ့ရှိချက်နှင့် ဆွေးနွေးသုံးသပ်ချက်
- ၈။ ကျေးဇူးတင်လွှာ
- ၉။ ကျမ်းကိုးစာရင်း

# နိဒါန်း

မျက်မှောက်ခေတ်ကာလတွင် မီးယပ်ဖြူရောဂါသည် အမျိုးသမီးများတွင် အဖြစ်အများဆုံး ရောဂါများထဲမှ တစ်ခုအပါအဝင် ဖြစ်သည်။ ယခုခေတ်အခါတွင် အမျိုးသမီးများသည် အမျိုးသား များနှင့် ရင်ပေါင်တန်းကာ သွားလာလှုပ်ရှားစီးပွား ရှာရခြင်း၊ ဟီရီဩတ္တပ္ပတရားများ အားနည်းလာခြင်း၊ လောဘဒေါသ မောဟတရားများ အားကြီးလာခြင်း၊ လူအများစု၏ စားသောက်နေထိုင်မှုပုံစံပြောင်းလဲလာခြင်း၊ ရာသီဥတု ဖောက်ပြန်ပျက်စီးမှုများလာခြင်းတို့ကြောင့် မီးယပ်ဖြူရောဂါအဖြစ်များလာသည်ကို တွေ့ရသည်။

# နိဒါန်း

ရောဂါဖြစ်ပွားမှုများပြားလာသော်လည်း အမျိုးသမီးအများစုမှာ မီးယပ်ဖြူရောဂါကို နားလည်တတ်ကျွမ်းသော ဆရာများနှင့် ကုသမှုအားနည်းကြပါသည်။ ထို့ကြောင့် မီးယပ်ဖြူရောဂါအကြောင်း အမျိုးသမီးများပိုမိုသိရှိစေရန်နှင့် စောလျင်စွာကုသနိုင်စေရန် ဆန္ဒဖြင့် ရေးသားတင်ပြအပ်ပါသည်။

# ရည်ရွယ်ချက်

၁။ အမျိုးသမီးများတွင် အဖြစ်များသော မီးယပ်ဖြူဆင်းခြင်း၏ သဘာဝကို သိရှိပြီး ရောဂါမဖြစ်အောင် ပြုမူနေထိုင်တတ်စေရန်

၂။ ပိုမိုတိကျသော စံကုထုံးများပေါ်ပေါက်စေရန်

၃။ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော ရောဂါကာကွယ် တားဆီးခြင်းနှင့်ရောဂါဖြစ်လာပါက ထိရောက်စွာ ကုသမှုပေးနိုင်စေရန်

# ရည်ရွယ်ချက်

၄။ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်စေရန်

၅။ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ရန်

# ဖြစ်ကြောင်းနိဒါန်း

- ဒေသနာဆေးပညာ
- ကမ္မသမုဋ္ဌာန်အရ
- (၁) တစ်ကိုယ်ရေသန့်ရှင်းမှုမရှိခြင်း
- (၂) သားအိမ်အား ထိခိုက်မိခြင်း
- (၃) မေထုန်ကြူးခြင်း
- (၄) ပင်ပန်းဆင်းရဲသော အလုပ်များကို လုပ်ကိုင်ရခြင်း
- (၅) ကျင်ကြီး၊ ကျင်ငယ်တို့၏ အဟုန်ကို ချုပ်တည်းခြင်း
- (၆) နာတာရှည်ရောဂါရှိခြင်း
- (၇) နေပူ၊ မီးပူခံခြင်း

# ဖြစ်ကြောင်းနိဒါန်း

- စိတ္တသမုဋ္ဌာန်အရ
- (၁) စိတ်သောကများခြင်း
- (၂) စိုးရိမ်စိတ်လွန်ကဲခြင်း

# ဖြစ်ကြောင်းနိဒါန်း

—ဥတုသမုဋ္ဌာန်အရ

- (၁)ပူသော ဥတု၌ အဖြစ်များခြင်း

—အာဟာရသမုဋ္ဌာန်အရ

- (၁) ပူလွန်း၊ စပ်လွန်းသော အစာများ အစားများခြင်း
- (၂) ပထမအစာမကြေမီ နောက်ထပ်အစာကို ထပ်မံစားသောက်ခြင်း
- (၃)တာရှည်ခံအောင်ပြုပြင်စီမံထား သော အစားအသောက်များ အစားများခြင်း

# တွေ့ရှိရသောလက္ခဏာများ

- အားအင်ကုန်ခမ်းမောပန်းခြင်း
- နှလုံးတုန်ရန်ခုန်ခြင်း
- ပင်ပန်းမောဟိုက်ခြင်း
- မူးဝေထိုင်းမှိုင်းခြင်း
- အအိပ်၊ အစားပျက်ခြင်း
- ယောနိသားအိမ်တို့မှ ကိုက်ခဲခြင်း၊ ယားယံခြင်း
- ဆီးပူခြင်း၊ ဝမ်းချုပ်ခြင်း
- ခန္ဓာကိုယ်နုံးချိနေခြင်း

# တွေ့ရှိရသောလက္ခဏာများ

- ကိုယ်သားကိုယ်ရေပူခြင်း
- အာခေါင်ခြောက်ခြင်း
- အကြောတက်ခြင်း၊ တင်းခြင်း
- ယောနိမှ အဖြူဆင်းခြင်း
- မျက်စိပူခြင်း၊ ဝေခြင်း
- အနံ့ဆိုးများထွက်ခြင်း

## အသုံးပြုသည့်ဝတ္ထု၊ ပစ္စည်း၊ လူနှင့် ပြုလုပ်ဆောင်ရွက်ပုံ

စစ်တမ်းကောက်ယူသည့်နေရာ – ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ မြစ်ကြီးနားမြို့

အချိန်ကာလ – (၆)လ

(၂၀၁၃ ခုနှစ်မေလမှ ၂၀၁၃ အောက်တိုဘာလထိ)

စစ်တမ်းကောက်ယူမှု – အတွင်းလူနာဌာန

လူနာဆောင်ရွက်မှု မှတ်တမ်းများ

မြစ်ကြီးနားမြို့ခုတင် (၅၀)ဆံ့တိုင်းရင်းဆေးရုံတွင် လက်တွေ့ ဆောင်ရွက် ကုသချက်များ

## အသုံးပြုသည့်ဝတ္ထု၊ ပစ္စည်း၊ လူနှင့် ပြုလုပ်ဆောင်ရွက်ပုံ

စစ်တမ်းကောက်ယူမှု– အမျိုးသမီးလူနာ(၄၀)ဦးတွင် လက်တွေ့ စမ်းသပ်ကုသဆောင်ရွက်ခြင်း

–လူနာ၏ သဘောတူညီချက်ကို ရယူပြီး အနောက်တိုင်းဆေးဝါးသုံးစွဲမှုများကို ဖယ်ရှားထားပါသည်။

–သားအိမ်ကင်ဆာနှင့်ယှဉ်သောလူနာများအား ဖယ်ရှားထားပါသည်။

# ကုထုံးအစဉ်

ဆေးတိုက်ကျွေးခြင်း

နံနက်၊ နေ့၊ ညနေ – အပူငြိမ်းဆေး(၁၅ိ) + ဆီးဆေးဖြူ(၁ဝိ)+ မက်လင်ချဉ်(၅ိ)တို့ကို စတုမဓူတစ်ပုလင်းဖြင့် တေ၍ ဆေးတစ်ခါသောက် ကော်ဖီဇွန်းတစ်ဇွန်း ရေအေးဖြင့် တိုက်ကျွေးပါသည်။

ည –ရှားစောင်းလက်ပတ်ချက်ဆေး(ဇွန်းကြီးတစ်ဇွန်း) ရေအေး

# ကုထုံးအစဉ်

– အစာစားပြီးတိုင်း သကြားကဲအစာကြေဆေး (၄) ရေနွေးဖြင့် တိုက်ကျွေးခဲ့ ပါသည်။

– – အပူ၊ အပုပ်အခိုးများ ကင်းစင်၍ ကိုယ်သားကိုယ်ရေမှန်လာစေရန် ရေချိုးပြီးတိုင်း အကင်းဆယ်ပါးနှင့် မီးယပ်လိမ်းဆေးအား (၂း၁) ရောစပ်ပြီး သနပ်ခါးရည် ကျဲကျဲဖြင့် လိမ်းစေပါသည်။

– – ဝေဒနာရှင်တွင် မီးယပ်ဖြူအဆင်းလွန်ခြင်း အနံ့အသက်ဆိုးရွားခြင်း ဖြစ်လာပါက ဖန်ထိုင်ခြင်း ဖန်ဆေးခြင်းတို့ ပြုလုပ်စေပါသည်။

# တွေ့ရှိချက်နှင့် ဆွေးနွေးသုံးသပ်ချက်

မီးယပ်ဖြူရောဂါသည် တောဇော၊ ဝါယောနှစ်ပါးလွန်ကဲ၍ အာပေါဓါတ်ဖြစ်သော သွေးဓါတ်ကို လောင်မြိုက်ကာ ဓမ္မတာသွေး၏ ပုံမှန် အနီရောင်မှ အဖြူရောင်အဖြစ် ပြောင်းလဲသက်ဆင်းရခြင်း ဖြစ်ပါသည်။

ဒေသနာဆေးပညာအရ (ဥဇော၊ ဝါယော၊ အာဗန္ဓန) ဥဇောအကြောင်းခံ ၍ အမှုတ္တိကပထဝီပျက်၊ ဗဟိဒ္ဓပထဝီလွန်ကဲသော ဒုဝိတ္တမ္ဘိတနာအဖြစ် တွေ့ရှိရပါသည်။

# ကောက်ချက်ချခြင်းနှင့် အကြံပြုခြင်း

- မီးယပ်ဖြူရောဂါသည် ဖြစ်စတွင် ကုသသင့်
- တာရှည် ခံစားလာပါက ခန္ဓာကိုယ်တွင်းရှိ ကိုယ်ခံခါတ်အားနှင့် သွေးအားတို့ ယုတ်လျော့ကာ ဥပဒ္ဒ ဝေါ်ရောဂါများ ဝင်ရောက်နိုင်
- ထို့ပြင် သားအိမ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာစသော ရောဂါကြီး များ၏ ရှေ့ပြေးလက္ခဏာဖြစ်တတ်

# ကောက်ချက်ချခြင်းနှင့် အကြံပြုခြင်း

- ငှင်းအပြင် ပဋိဇီဝဆေးများ သန္ဓေတားဆေးများ၏ ဘေးထွက်ဆိုးကျိုး များဖြစ်ကြောင်းတွေ့ရခြင်း အပူပိုင်းဒေသ ရေရှားပါးသောဒေသများတွင် အတွေ့ရများခြင်း၊ တကိုယ်ရေ သန့်ရှင်းမှုအားနည်းပြီး ကျန်းမာရေး ဗဟုသုတအားနည်းသော အသိုင်းအဝိုင်းများတွင် အတွေ့များသဖြင့် ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးရန် လိုအပ်ပါသည်။

စာတမ်းရှင်များအဖွဲ့အနေဖြင့် (၆)လတာ ကာလအတွင်း တွေ့ရှိရသော မီးယပ်ဖြူရောဂါ၏ ဖြစ်ကြောင်းနှင့် ပျောက်ကင်းမှုများသော ကုထုံးဆေးချက်များကို တင်ပြထားခြင်းဖြစ်ပါသည်။

# မီးယပ်ဖြူရောဂါ ကုသပျောက်ကင်းမှုအား
# အသက်အပိုင်းအခြားအလိုက် ခွဲခြားလေ့လာမှုပြဇယား

| စဉ် | အသက် အပိုင်းအခြား | ပျောက် ကင်း ဦးရေ | ရာခိုင်နှုန်း | သက်သာ ဦးရေ | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂၀–၃၀နှစ် | ၆ | ၈၅.၇၁ | ၁ | ၁၄.၂၉ |
| ၂ | ၃၁–၄၀နှစ် | ၁၈ | ၇၈.၂၆ | ၅ | ၂၁.၇၄ |
| ၃ | ၄၀နှစ်အထက် | ၈ | ၈၀ | ၂ | ၂၀ |

# ကျေးဇူးတင်လွှာ

ဤစာတမ်းအား ရေးသားတင်သွင်းခွင့်ပြုသော ခုတင်(၅၀)ဆံ့မြစ်ကြီးနား တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ဆရာမကြီးအား လည်းကောင်း၊ အကြံပြုဝိုင်းဝန်းကူညီပေးပါသော ဆရာ၊ ဆရာမများ အားလုံးအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ အပေါင်းအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်နိဂုံးချုပ်အပ်ပါသည်။

# ကျမ်းကိုးစာရင်း

- တိုင်းရင်းဆေးတက္ကသိုလ်၊ မီးယပ်ပညာ(တတိယနှစ်) သင်ရိုးညွှန်းတမ်းစာအုပ်
- မြစ်ကြီးနားတိုင်းရင်းဆေးရုံ၊ အတွင်းလူနာဌာနမှ လူနာမှတ်တမ်းများနှင့် လက်တွေ့ဆေးကုသမှုမှတ်တမ်းများ

*Thank you*